ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၂၊ အမှတ် ၁ | ၂၀၂၆ ခုနှစ်၊ မေလ ၁ ရက်

## နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းများနှင့် နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀) စီမံကိန်းအား ပြည်ထောင်စုဝန်ကြီးမှ ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကျင်းပ။



နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းများနှင့် နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀) စီမံကိန်းအား ပြည်ထောင်စုဝန်ကြီးမှ ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားအား ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဝန်ထမ်း (၁၅၀) ဦးတို့ မှ Video Conferencing ဖြင့် တက်ရောက်စဉ်။

(၂၃-၄-၂၀၂၆) ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီး၏မိန့်ခွန်းများနှင့် နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀) စီမံကိန်းနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးမှ ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားအား နေပြည်တော်၊ ရုံးအမှတ် (၃၄) ၌ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ဇေယျာသီဟခန်းမ၌ နံနက် (၉:၃၀) နာရီအချိန်တွင် ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်း (၁၅၀) ဦးတို့သည် Video Conferencing ဖြင့် တက်ရောက်ခဲ့ပြီး (၁၁:၃၀) နာရီ အချိန်တွင် အခမ်းအနားပြီးဆုံးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ (၃၀) ကြိမ်မြောက် ဝန်ထမ်း၊ ဝန်ထမ်းမိသားစု စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာပွဲအခမ်းအနားကျင်းပ။




အကောက်ခွန်ဦးစီးဌာန၏ (၃၀)ကြိမ်မြောက် ဝန်ထမ်း၊ ဝန်ထမ်းမိသားစု စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာပွဲ အခမ်းအနားတွင် ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်း ကော်မတီအတွင်းရေးမှူးမှ သိမ်ဆွမ်းလောင်းလှူစဉ်။


(၁၀-၄-၂၀၂၆) နေ့တွင် အကောက်ခွန်ဦးစီးဌာန၏ (၃၀) ကြိမ်မြောက် ဝန်ထမ်း၊ ဝန်ထမ်းမိသားစု စုပေါင်းရဟန်းခံ၊ ရှင်ပြု ၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာပွဲအခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မင်းကွန်းတောရကျောင်းတိုက်၌ နံနက် (၀၉:၃၀) နာရီ အချိန်တွင် သိမ်ဆွမ်းလောင်းလှူခြင်း၊ နံနက် (၁၀:၀၀) နာရီအချိန်တွင် ရေစက်သွန်းချ အမျှပေးဝေခြင်းနှင့် တရားတော်နာယူခြင်း၊ နံနက် (၁၁:၀၀) နာရီအချိန်တွင် သံဃာတော်များအား ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ နံနက် (၁၁:၃၀) နာရီအချိန်တွင် ဧည့်ပရိတ်သတ်များအား ဧည့်ခံကျွေးမွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ ဝန်ထမ်း၊ ဝန်ထမ်းမိသားစု စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာပွဲ၌ ရဟန်း(၃၀)ပါး၊ ရှင်သာမဏေ(၃)ပါးနှင့် သီလရှင်(၁၁)ပါး၊ စုစုပေါင်း (၄၄) ပါးတို့မှ သာသနာ့ဘောင်အတွင်းသို့ ဝင်ရောက်၍ သင်္ကြန်ကာလမြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များတွင် ဗဟန်းမြို့နယ်၊ မင်းကွန်းတောရကျောင်းတိုက်၌ သီတင်း သုံးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ဌာနအကြီးအကဲနှင့် ဝန်ထမ်းထုတွေ့ဆုံဆွေးနွေးပွဲ (ဒါဘာ) အခမ်းအနားကျင်းပ။




အကောက်ခွန်ဦးစီးဌာန၊ ဌာနအကြီးအကဲနှင့် ဝန်ထမ်းထုတွေ့ဆုံဆွေးနွေးပွဲ (ဒါဘာ) အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ အမှာစကားပြောကြားစဉ်။

(၂၈-၄-၂၀၂၆) ရက်နေ့ နံနက် (၀၉:၀၀) နာရီအချိန်၌ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ ဓမ္မာသီဟခန်းမတွင် ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ၂၀၂၆ ခုနှစ်၊ မတ်လမှ ဧပြီလတို့အတွက် လစဉ် ဌာနအကြီးအကဲ နှင့်ဝန်ထမ်းထုတွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားအား လူဦးရေ(၂၀၀)ဖြင့်ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး / ပြည်နယ်ရုံးများ၊ မြို့နယ်ရုံးများ၊ အထူးစီးပွားရေးဇုန်များ၊ OSS စစ်ဆေးရေးစခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများရှိ ဝန်ထမ်းများသည် Zoom Meeting ဖြင့် တက်ရောက်ခဲ့ပြီး ညွှန်ကြားရေးမှူး(စီမံ)မှ ယခင်လ ဝန်ထမ်းထုတွေ့ဆုံပွဲ၏ တင်ပြချက်များနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများအား ရှင်းလင်းပြောကြားခဲ့ပါသည်။



အကောက်ခွန်ဦးစီးဌာန၊ လစဉ် ဌာနအကြီးအကဲနှင့် ဝန်ထမ်းထုတွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ အခမ်းအနား တွင် တိုင်းဒေသကြီး / ပြည်နယ်ရုံးများ၊ မြို့နယ်ရုံးများ၊ အထူးစီးပွား ရေးဇုန်များ၊ OSS စစ်ဆေးရေးစခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများရှိ ဝန်ထမ်းများသည်လည်း Zoom Meeting ဖြင့် တက်ရောက်ခဲ့စဉ်။

အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)မှ ဌာနခွဲများနှင့် တိုင်းဒေသကြီး/ ပြည်နယ်ရုံးများ၊ မြို့နယ်ရုံးများ၊ အထူးစီးပွားရေးဇုန်များ၊ OSSစစ်ဆေးရေးစခန်းများနှင့် အမြဲတမ်းစစ်ဆေးရေးစခန်းများတို့မှ လိုအပ်သည်များကို ညွှန်ကြားရေးမှူးချုပ်ထံသို့ တစ်ခုချင်းဆွေးနွေးတင်ပြခဲ့ပါသည်။ ညွှန်ကြားရေးမှူးချုပ်မှ နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်း များနှင့် နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀) စီမံကိန်း၌ ဆောင်ရွက်ရမည့် အချက်များအား ညွှန်ကြားခဲ့ပြီး (၁၁:၃၀) နာရီ အချိန်တွင် အခမ်းအနားအား ရုပ်သိမ်းခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ MACCS Online Payment System အား ပုဂ္ဂလိကဘဏ်(၆) ဘဏ်ဖြင့် အသုံးပြုကြောင်း ကြေညာခြင်းအခမ်းအနား ကျင်းပ။




**အကောက်ခွန်ဦးစီးဌာန၏ MACCS Online Payment System အား ပုဂ္ဂလိကဘဏ်(၆)ဘဏ်ဖြင့် အသုံးပြုကြောင်း ကြေညာခြင်း အခမ်းအနားတွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသိန်းဆွေမှ အမှာစကားပြောကြားစဉ်။**

အကောက်ခွန်ဦးစီးဌာန၏ " MACCS Online Payment System အား ပုဂ္ဂလိကဘဏ် (၆)ဘဏ်ဖြင့် အသုံးပြုကြောင်းကြေညာခြင်း" အခမ်းအနားအား (၆-၄-၂၀၂၆) ရက်နေ့ နံနက် (၁၀း၀၀) နာရီအချိန်၌ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ ဇေယျာသီဟခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံအကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ ရှောဝတီဘဏ်လီမိတက်၊ ကမ္ဘောဇဘဏ်လီမိတက်၊ သမဝါယမဘဏ်လီမိတက်၊ ရှောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ ယူအေဘီဘဏ်လီမိတက်နှင့် ရိုးမဘဏ်လီမိတက်တို့မှ တာဝန်ရှိသူများတက်ရောက်ခဲ့ပါသည်။




အကောက်ခွန်ဦးစီးဌာနနှင့် ပုဂ္ဂလိကဘဏ်(၆)ဘဏ်ဖြင့်အသုံးပြုကြောင်း ကြေညာခြင်းအခမ်းအနားကျင်းပပြီး မှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးစဉ်။

အခမ်းအနား၌ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ အကောက်ခွန်ဦးစီးဌာနအနေဖြင့် MACCS Online Payment System အား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းကြောင့် ကုန်ပစ္စည်းတင်သွင်း/တင်ပို့သူများနှင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ ကိုယ်စားလှယ်များသည် အခွန်ငွေပေးသွင်းရာတွင် အချိန်နှင့် ငွေကြေးကုန်ကျမှုသက်သာပြီး ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအား အထောက်အကူဖြစ်စေနိုင်ခြင်း၊ WTO ၏ Trade Facilitation Agreement ပါ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးလိုက်နာဆောင်ရွက်ရာတွင် ပိုမိုအထောက်အကူဖြစ်စေနိုင်ခြင်းစသည့် အကျိုးကျေးဇူးများအပြင် မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များ ကျယ်ပြန့်စွာနှင့် လုံခြုံစွာ အသုံးပြုလာနိုင်စေရန်၊ ပြည်သူများအားလုံးမှ ဒီဂျစ်တယ်ငွေကြေးဝန်ဆောင်မှုများကို အသုံးပြုလာနိုင်စေရန် နှင့် ခေတ်မီဒီဂျစ်တယ်နည်းပညာများအသုံးပြု၍ ပိုမိုတိုးတက်နိုင်ရေးအရှိန်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ယင်းနောက် MACCS Online Payment System အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု မှတ်တမ်းအားပြသ၍ အကောက်ခွန်ဦးစီးဌာန ၏ MACCS Online Payment System အား ပုဂ္ဂလိကဘဏ် (၆) ဘဏ်ဖြင့် MACCS စနစ်အသုံးပြုသည့် ဒေသများတွင် အသုံးပြုဆောင်ရွက်နိုင်ကြောင်း ကြေညာခဲ့ပြီး အခမ်းအနားအား နံနက် (၁၀:၅၀) နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ မဟာသင်္ကြန်နှစ်သစ်ကူးကာလ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း အခမ်းအနားကျင်းပ။



**အကောက်ခွန်ဦးစီးဌာန၊ မဟာသင်္ကြန်ရုံးပိတ်ရက်ကာလများအတွင်း အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် နှစ်သစ်ကူးအန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်း အခမ်းအနားတွင် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းနေစဉ်။**

(၁၃၈၇)ခုနှစ်၊ မဟာသင်္ကြန်နှစ်သစ်ကူးကာလ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း အခမ်းအနားအား ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) အပေါ်ထပ်ဘုရားခန်း၌ ရန်ကုန်တိုင်းဒေသကြီး ၊ ဗဟန်းမြို့နယ် ၊ မင်းကွန်းတောရကျောင်းတိုက်မှ သံဃာတော်များဖြင့် (၁၄-၄-၂၀၂၅) ရက်နေ့ (သင်္ကြန်အကျနေ့) (၁၅:၀၀) နာရီမှ (၁၇-၄-၂၀၂၅) ရက်နေ့ (နှစ်ဆန်းတစ်ရက်နေ့) အထိ အသံမစဲမဟာပဋ္ဌာန်းပွဲကျင်းပ၍ (၁၇-၄-၂၀၂၅) ရက်နေ့ (နှစ်ဆန်းတစ်ရက်နေ့) နံနက် (၁၀:၀၀) နာရီ အချိန်တွင် ပဋ္ဌာန်းသိမ်းအောင်ပွဲကျင်းပခဲ့ပြီးနောက် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲနှင့် ၄၉ လမ်း၊ လမ်း ၅၀ ရုံးတို့အား သံဃာတော်များမှ အန္တရာယ်ကင်းပရိတ်များ လှည့်လည် ရွတ်ဖတ်ပူဇော်ခဲ့ပါသည်။

# စင်္ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် (၃၈)ကြိမ်မြောက် အာဆီယံ အကောက်ခွန်စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခဲ့မှု။



စင်္ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၈) ကြိမ်မြောက် အာဆီယံအကောက်ခွန် စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာလုပ်ငန်း အဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခဲ့မှု ဓာတ်ပုံမှတ်တမ်းတင်ရိုက်ကူးစဉ်။

စင်္ကာပူနိုင်ငံ၌ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၇) ရက်မှ (၉) ရက်နေ့အထိကျင်းပပြုလုပ်ခဲ့သော (၃၈) ကြိမ်မြောက် အာဆီယံအကောက်ခွန်စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေမျိုးထွန်းမှ တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးသို့မြန်မာနိုင်ငံမှ ကိုယ်စားလှယ်(၁)ဦးနှင့်အတူ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ် (၅) ဦး၊ ဘရူနိုင်းနိုင်ငံမှ ကိုယ်စားလှယ် (၂) ဦး၊ ကမ္ဘောဒီးယားနိုင်ငံ မှ ကိုယ်စားလှယ် (၃) ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ ကိုယ်စားလှယ် (၂) ဦး၊ လာအိုနိုင်ငံမှ ကိုယ်စားလှယ် (၂) ဦး၊ မလေးရှားနိုင်ငံမှ ကိုယ်စားလှယ် (၃) ဦး၊ ဖိလစ်ပိုင်နိုင်ငံမှ ကိုယ်စားလှယ် (၂)၊ စင်ကာပူနိုင်ငံမှ ကိုယ်စားလှယ် (၁) ဦး၊ တီမောလက်စတီ နိုင်ငံမှ ကိုယ်စားလှယ် (၂) ဦး၊ ဗီယက်နမ်နိုင်ငံမှ ကိုယ်စားလှယ် (၂) ဦးတို့သည် လူကိုယ်တိုင် တက်ရောက်သူများအဖြစ်လည်းကောင်း၊ ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်များက အွန်လိုင်းဖြင့်လည်းကောင်း တက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်အကြောင်း သိကောင်းစရာများသင်တန်းဖွင့်လှစ်ခြင်း။



အကောက်ခွန်ဦးစီးဌာန ၊ နိုင်ငံတကာရေးရာဌာနခွဲမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက် အကြောင်း (World Trade Organization-Trade Facilitation Agreement) အကြောင်း သိကောင်းစရာများသင်တန်းဆွေးနွေးပို့ချစဉ်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက် (World Trade Organization-Trade Facilitation Agreement) အကြောင်း သိကောင်းစရာများသင်တန်းအား (၂၁-၄-၂၀၂၆) ရက်နေ့မှ (၂၄-၄-၂၀၂၆) ရက်နေ့ နံနက် (၀၉:၃၀) နာရီမှ (၁၁:၀၀) နာရီအထိ အကောက်ခွန် သင်တန်းကျောင်း၌ အကောက်ခွန်ဦးစီးဌာနလက်အောက်ရှိ ဌာနခွဲ (၁၂) ခုမှ သင်တန်းသား (၅၈) ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါသင်တန်း၌ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်၏ အရေးပါပုံ၊ ဖွဲ့စည်းပုံ၊ သဘောတူညီချက်အရ ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ အကျိုးကျေးဇူးများ၊ အကောက်ခွန် ဦးစီးဌာနမှအကောင်အထည် ဖော်ဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းပို့ချခဲ့ပါသည်။

# ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ ပြန်လည်သုံးသပ်ပြင်ဆင်ထားသော ကျိုတိုသဘောတူညီချက် (Revised Kyoto Convention-RKC) အကြောင်းသိကောင်းစရာများသင်တန်းဖွင့်လှစ်ခြင်း။



**အကောက်ခွန်ဦးစီးဌာန ၊ နိုင်ငံတကာရေးရာဌာနခွဲမှ ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ ပြန်လည်သုံးသပ်ပြင်ဆင်ထားသော ကျိုတိုသဘောတူညီချက် (Revised Kyoto Convention-RKC) အကြောင်းသိကောင်းစရာများ သင်တန်း ဆွေးနွေးပို့ချစဉ်။**

ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ ပြန်လည်သုံးသပ်ပြင်ဆင်ထားသည့် ကျိုတိုသဘောတူညီချက် (Revised Kyoto Convention-RKC) အကြောင်း သိကောင်းစရာများသင်တန်းအား (၆-၄-၂၀၂၆) ရက်နေ့မှ (၉-၄-၂၀၂၆) ရက်နေ့၊ နံနက် (၀၈:၀၀) နာရီမှ (၀၉:၃၀) နာရီအထိ အကောက်ခွန်သင်တန်းကျောင်း၌ အကောက်ခွန်ဦးစီးဌာန လက်အောက်ရှိ ဌာနခွဲ (၁၂) ခုမှ သင်တန်းသား (၆၀) ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါသင်တန်း၌ ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ ပြန်လည်သုံးသပ်ပြင်ဆင်ထားသော ကျိုတိုသဘောတူညီချက် (Revised Kyoto Convention-RKC) ၊ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ သဘောတူညီချက်တွင် မြန်မာနိုင်ငံပါဝင်လာပုံ၊ သဘောတူညီချက်အရ ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ RKC ဆောင်ရွက်ခြင်းဖြင့် ရရှိလာသည့် အကျိုးကျေးဇူးများ၊ RKC ၏ အထွေထွေ နောက်ဆက်တွဲနှင့် သီးခြားနောက်ဆက်တွဲပါ ပြဋ္ဌာန်းချက်များအား ရှင်းလင်းပို့ချခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၈၈၉၁.၈၈၅ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက်နှင့် အကောက်ခွန်နယ်မြေဒေသများ၌ တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း /တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီး အရေးယူမှုများဆောင်ရွက်လျက်ရှိရာ ဧပြီလ (၁) ရက် မှ (၃၀) ရက် အထိ စုစုပေါင်းတားဆီး /ဖမ်းဆီးမှု ( ၃၀၈ ) မှုဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် ( ၈၈၉၁.၈၈၅ ) သန်း ဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




(၂-၄-၂၀၂၆) ရက်နေ့ (၁၀:၁၅) နာရီ အချိန်ခန့်တွင် မြန်မာနိုင်ငံသားခရီးသည် Lwin Maung Than (PP.No- MG801706) သည် MNA Airline ၊ လေယာဉ်ခရီးစဉ် အမှတ် UB-020/SF-3605 ဖြင့် ထိုင်းနိုင်ငံမှ ရန်ကုန်ပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါလာခဲ့ပြီး ၎င်းခရီးသည်၏ Baggage များအား Air Side ရှိ X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာ X-Ray ပုံရိပ်မသင်္ကာသဖြင့် Arrival Exit-A အကောက်ခွန်စစ်ဆေးရေးကောင်တာ၌ အကောက်ခွန်ဦးစီးဌာန(ကာကွယ်ရေးဌာနခွဲ)၊ စစ်ဖက်ရေးရာ လုံခြုံရေးတပ်ဖွဲ့(လေ)၊ မူးယစ်ဆေးဝါးတားဆီးနှိမ် နင်းရေး ရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့နှင့် (YACL)တို့ ပူးပေါင်းပါဝင်သော အဖွဲ့စုံဖြင့်ပိုင်ရှင်၏ ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တင်သွင်းခွင့်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင် ခြင်းမရှိသော Brand- Abbott Influvac Tetra (1 Box–120Pcs) ၊ Syringe 0.5ml Exp-31.1.2027 C/O-Thailand (16)Box ခန့်မှန်းတန်ဖိုးကျပ် (၇၆,၈၀၀,၀၀၀/-) အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၈၈၉၁.၈၈၅ ) သိန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




(၃-၄-၂၀၂၆)ရက်နေ့(၁၀:၀၀)နာရီအချိန်ခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံသား ခရီးသည် KYAW KYAW OO (PP.No- MK156474)သည် စင်္ကာပူ Airline လေယာဉ်ခရီးစဉ်အမှတ် SQ-762/SF-3644 ဖြင့် စင်္ကာပူနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး၎င်းခရီးသည်နှင့်အတူ ပါရှိလာသော Baggage အိတ်များအား Airside X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာတွင် X-Ray ပုံရိပ် မသင်္ကာသဖြင့် Arrival Exit-A အကောက်ခွန်စစ်ဆေးရေးကောင်တာ၌ အကောက်ခွန်ဦးစီးဌာန၊ စစ်ဖက်ရေးရာလုံခြုံရေးတပ်ဖွဲ့(လေ)၊ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့နှင့် (YACL)တို့ ပူးပေါင်းပါဝင်သော အဖွဲ့စုံဖြင့် ပိုင်ရှင်၏ ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Brand Name- NOTHING (R)(4a) Pro, Model:A069P, Colour- Black, RAM/ROM: 12GB/256GB, C/O-China, Total (30)U၊ ခန့်မှန်းတန်ဖိုးကျပ် (၉၀,၀၀၀,၀၀၀/-) အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၈၈၉၁.၈၈၅ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု




မန္တလေးတိုင်းဒေသကြီးအတွင်း တရားမဝင်ကုန်စည်များ တင်သွင်း/တင်ပို့မှုမရှိစေရေး အကောက်ခွန်ဦးစီးဌာနမှ ဒု-ညွှန်မှူး ဦးဇော်ဇော်-၁ ဦးစီးသည့် အကောက်ခွန်အဖွဲ့သည် မဲကင်းကုန်းပဲကျေးရွာအနီး၊ မြို့ရှောင်လမ်း၌ ကင်းလှည့်စစ်ဆေးစဉ် (၁၂-၄-၂၀၂၆) ရက်နေ့ (၀၁:၀၀) နာရီအချိန်တွင် (၁၉) လမ်း၊ ငါးမွေးမြူရေးကန်ထိပ်၌ ညောင်ကွဲမှ မန္တလေးသို့ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ၉/ခအဇ (နိုင်) ၀၃၀၃၅၈ ကိုင်ဆောင်သူယာဉ် မောင်းဦးမင်းသူ (ဘ)ဦးသိန်းဝင်း မောင်းနှင်လာသော MITSUBISHI CANTER FE82EE LIGHT TRUCK (4x2)(R), Model-2003, (C/O-Japan) (6W) အမျိုးအစား၊ ယာဉ်အမှတ်၊ 1F/5717 ယာဉ်အား ရပ်တန့် စစ်ဆေးရာယာဉ်ပေါ်၌ တရားဝင်တင်သွင်းခွင့်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အိန္ဒိယနိုင်ငံထုတ်ဆေးဝါးများ တင်ဆောင်ထားသဖြင့် အသေးစိတ် စိစစ်နိုင်ရန် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ခေါ်ဆောင်စစ်ဆေးခဲ့ပြီး အဆိုပါယာဉ်အား မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ အသေးစိတ်စစ်ဆေးရာယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Diclofenac Sodium, Diclo-M (60Ux50Ctn) Exp:Jan,2029 (C/O-India) (3000)U၊အပါကုန်ပစ္စည်း(၁၄)မျိုး၊ ခန့်မှန်းတန်ဖိုးကျပ်-(၆၉,၂၂၄,၄၀၀/-)_အမှုတွဲ ဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၈၈၉၁.၈၈၅ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု








ပဲခူးမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး အောင်ဇော်ထူး ဦးဆောင်သောအဖွဲ့နှင့် ပဲခူးခရိုင်မူခင်းနှိမ်နင်းရေးဌာနစိတ်မှ ဒုရဲအုပ် ချစ်ရန် ဦးဆောင်သည့်အဖွဲ့တို့သည် (၁၁-၄-၂၀၂၆) ရက်နေ့ (၂၀:၃၀) နာရီအချိန်ခန့်တွင် ပဲခူးမြို့၊ ကလိဂိတ်အနီး မသက်ာဖွယ် (၁၂) ဘီး ယာဉ် (၂) စီး ရပ်တန့်ထားသည်ကို တွေ့ရှိ၍ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော ကုန်ပစ္စည်းများကို တွေ့ရှိခဲ့ရပါသဖြင့် ပူးပေါင်းအဖွဲ့ဖြင့် အသေးစိတ်စစ်ဆေးရန်အတွက် (၁၂-၄-၂၀၂၆) ရက်နေ့ (၁၀:၃၀) နာရီအချိန်ခန့်တွင် ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ လာရောက်အပ်နှံခဲ့ပြီး အဆိုပါလာရောက် အပ်နှံခဲ့သော ယာဉ် (၂) စီးအနက် 1F-4671(12W) ယာဉ်အား ပူးပေါင်းအဖွဲ့ဖြင့် (၁၂-၄-၂၀၂၆) ရက်နေ့ (၁၁:၀၀) နာရီ အချိန်ခန့်တွင် အသေးစိတ်ဖွင့်ဖောက် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ (၁၃-၄-၂၀၂၆) ရက်နေ့ (၀၉:၀၀) နာရီအချိန်ခန့်တွင် စစ်ဆေးမှုလုပ်ငန်းစဉ်များ ပြီးစီးခဲ့ပါသည်။ ယာဉ်အမှတ် - 1F-4671 (12W) ယာဉ်ပေါ်ပါ ကုန်ပစ္စည်းများသည် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Multivitamin & Minerals Tablet, Brand – Vitiin, (1 x 90 Pcs), 6 Pkgsပါ ကုန်ပစ္စည်း(၃၂)မျိုး၊ ခန့်မှန်းတန်ဖိုးကျပ် (၁၀၈,၄၃၃,၀၀၀/-) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၈၈၉၁.၈၈၅ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ထူးခြားဖမ်းဆီးမှု







(၈-၃-၂၀၂၆) ရက်နေ့တွင် Ranong Moe သင်္ဘောဖြင့် MIP ဆိပ်ကမ်းသို့ ရောက်ရှိလာသော ကုန်သေတ္တာအမှတ် TCLU6144805(1X20') တွင် ပါရှိလာသည့် Brand New Construction Materials အမျိုးအစား(3)မျိုးအား Real Global Myanmar Corporation Company Limited မှ ID No. 100324-662212(18.3.2026)၊ IL NO. YGNBIL12526000914 (17.11.2025)၊ YGNBIL12526000913(17.11.2025)ဖြင့် ကြေညာပြီး (၃၁-၃-၂၀၂၆) ရက်နေ့ တွင် Theingi Myo Myint Company Limited မှ တာဝန်ယူ၍ လာရောက် အစစ်ဆေးခံခဲ့ရာ ရနောင်း-ကော့သောင်း-ရန်ကုန် ကုန်သေတ္တာဖြစ်သဖြင့် ကာကွယ်ရေးမှ Group (4) ကပ-၂၉၉၄၊ ဒု-အကခမှူး ဝေဇော်မြင့် နှင့် ထုတ်/သွင်း၊ စစရ၊ OSS ပူးပေါင်း အဖွဲ့တို့ဖြင့် ပူးပေါင်းစစ်ဆေးခဲ့ရာ ID,IL,BL,Inv, PL List တို့တွင် ကြေညာ ထားသော Item (3) မှာ Brand New Construction Material, Glue For Building Board ဟု ကြေညာထားပြီး အဖွဲ့စုံ၏ မျက်မြင် စစ်ဆေးချက်မှာ Glue (Polychloroprene Rubber 14-15%၊ Toluene 58-60%၊ Rubber Solvent 13-15% ၊ Ethylacetate 3.5%၊ Rubber Additives 5%)ပါ 173 Ctns (1Ctn x 3 Pcs) – 1,522.4Kg, 96 Ctns – 1,008 Kg ၊ စုစုပေါင်း 2530.4Kg ၊ Brand : Deluxe C/O – Thailand တွေ့ရှိရပြီး မူးယစ်အဖွဲ့၏ Rigaku စက်ဖြင့် စစ်ဆေးချက်အရ Toluene ဟုဖော်ပြကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ပြည်ပမှတင်သွင်းလာသော ထိန်းချုပ်ဓာတု ထောက်ခံချက် ပုံစံ(၈) နှင့် ပြည်တွင်းတွင် ထိန်းချုပ်ဓာတုပစ္စည်းသယ်ယူပို့ဆောင် ခွင့်ပြုချက်ပုံစံ(၁၀) အထောက်အထားတို့ တင်ပြနိုင်ခြင်း မရှိသည့်အတွက် Glue (Polychloroprene Rubber 14-15%၊Toluene 58-60%၊ Rubber Solvent 13-15%၊ Ethylacetate 3.5%၊ Rubber Additives 5% = 2530.4Kgs၊ Brand : Deluxe C/O – Thailand၊ ခန့်မှန်းတန်ဖိုးကျပ် (၃၀,၇၀၅,၆၂၀/-) ဖြင့် အမှုတွဲဖွင့် လုပ်ဆောင်ရွက်ခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၈၈၉၁.၈၈၅ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု







(၁-၄-၂၀၂၆) ရက်နေ့ (၁၈:၃၀) နာရီအချိန်ခန့်တွင် ပဲခူးတိုင်း၊ သနပ်ပင်မြို့ လူပ်ရှားလုံခြုံရေးအဖွဲ့မှ ကြည်း ၆၂၄၄၈ မိုလ်ကြီး မြတ်ကောင်းထက် ဦးဆောင်သောအဖွဲ့သည် သနပ်ပင်မြို့နယ်၊ ကန်ပြိုကျေးရွာ ကမ်းစပ်အနီး၌ မသင်္ကာဖွယ် ပိုင်ရှင်မဲ့ကုန်ပစ္စည်းများအား တွေ့ရှိခဲ့ရပါသဖြင့် ပူးပေါင်းအဖွဲ့ဖြင့် အသေးစိတ် စစ်ဆေးရန်အတွက် ပဲခူးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ (၃.၄.၂၀၂၆) ရက်နေ့ (၀၁:၀၀) နာရီအချိန်ခန့်တွင် လာရောက်အပ်နှံခဲ့ပြီး အဆိုပါ ကုန်ပစ္စည်းများအား ပူးပေါင်းအဖွဲ့ဖြင့် (၃-၄-၂၀၂၆) ရက်နေ့ (၁၀:၃၀)နာရီ အချိန်ခန့်တွင် အသေးစိတ် ဖွင့်ဖောက်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော PANZAC 40, (105 x 10 x 10 Tablets) , C/O – India, 90 Pkgs ပါ ကုန်ပစ္စည်း(၄)မျိုး ခန့်မှန်းတန်ဖိုးကျပ် (၁၂၇,၄၅၀,၀၀၀/-) အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၈၈၉၁.၈၈၅ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု




(၂၈-၄-၂၀၂၆) ရက်နေ့ (၁၁:၃၀) နာရီအချိန်ခန့်တွင် မြန်မာနိုင်ငံသားခရီးသည် Soe Kyaw Min (PP.No- MI962764)သည် MAI Airline လေယာဉ် ခရီးစဉ်အမှတ် 8M-608/SF-4660 ဖြင့် အိန္ဒိယနိုင်ငံမှ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး ၎င်းခရီးသည်နှင့်အတူ ပါရှိလာသော Baggage များအား Airside X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာတွင် X-Ray ပုံရိပ် မသင်္ကာသဖြင့် Arrival Exit-A အကောက်ခွန် စစ်ဆေးရေကောင်တာ၌ အကောက်ခွန်ဦးစီးဌာန၊ စစ်ဖက်ရေးရာလုံခြုံရေးတပ်ဖွဲ့(လေ)၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့နှင့် (YACL)တို့ ပူးပေါင်းပါဝင်သော အဖွဲ့စုံဖြင့် ပိုင်ရှင်၏ ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာတင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Rituximab Injection IP 500 mg, Exp: 12/2028, C/O – India (140 U) အပါ ဆေးမျိုးစုံ (၁၄)မျိုး ခန့်မှန်းတန်ဖိုးကျပ် (၃၈၀,၈၅၀,၀၀၀) အမှုတွဲ ဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။